# အလုပ်ခေါ်ယူခြင်း ရှာဖွေခြင်းများ လွယ်ကူ အဆင်ပြေစေဖို့. . .




အလုပ်ရှင်တွေအနေနဲ့ အလုပ်နေရာတစ်ခုအတွက် သင့်တော်တဲ့ လူတစ်ယောက် ရှာဖွေရတာ၊ အလုပ်လိုချင်သူတွေအနေနဲ့ သင့်တော်တဲ့အလုပ်နေရာတစ်ခု ရှာဖွေရတာက တော်တော်ကိုရှုပ်ထွေးတဲ့ ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ဒီဆောင်းပါးမှာတော့ နှစ်ဖက်စလုံးအတွက် အဆင်ပြေစေနိုင်မယ့် အချက်အလက်တွေကို ရှာဖွေစုစည်း တင်ပြပေးချင်ပါတယ်။ >>

ဘယ်လောက်ပဲ income ကောင်းပြီး အလားအလာရှိတဲ့ industry တစ်ခုဖြစ်နေပါစေ လူအင်အား မပါဘဲနဲ့တော့ ဘာမှ ဖြစ်မလာပါဘူး။ အလားအလာရှိတဲ့၊ အခွင့်အလမ်းရှိတဲ့ အလုပ်ခွင်မှာ သတ်မှတ်ရာထူးနေရာအတွက် အရည်အချင်း ပြည့်မီတဲ့ ဝန်ထမ်းတစ်ယောက်ရဖို့ကလည်း မလွယ်လှပါဘူး။ အပြန်အလှန်သဘောအနေနဲ့ ကိုယ့်မှာရှိတဲ့ အရည်အချင်း တွေနဲ့ ကိုက်ညီမယ့် ၊ ကိုယ်လည်း လုပ်နိုင်မယ်လို့ ယုံကြည်တဲ့၊ ရှေ့တက်လမ်းရှိပြီး အနာဂတ်အတွက်လည်း အလားအလာ ရှိတဲ့ အလုပ်အကိုင်နေရာတစ်ခု ၊ ရာထူးတာဝန်တစ်ခုရဖို့ဆို တာကလည်း ခက်ခဲပါတယ်။

လုပ်ငန်းရှင်တွေအနေနဲ့ လစ်လပ်နေတဲ့ ရာထူးနေရာတွေ အတွက် သင့်တော်ရာလူကို ရွေးချယ်ရှာဖွေနိုင်ဖို့ အရင်ဆုံး အကြံပြုဆွေးနွေးချင်ပါတယ်။

## နေရာမှန်အတွက် လူမှန်ရှာဖွေရာဝယ်

လစ်လပ်ရာထူးနေရာတစ်ခုအတွက် ရလာတဲ့ဝန်ထမ်းက မလိုအပ်တဲ့ အရည်အချင်းမျိုး၊ ကျွမ်းကျင်မှုမျိုးရှိနေပြီး တကယ် လိုအပ်တဲ့ဘက်မှာတော့ အားနည်းနေတာမျိုး ဘယ်နှကြိမ် လောက်များ ကြုံခဲ့ဖူးပါပြီလဲ။

လူတစ်ယောက်ရဲ့ အရည်အချင်း (လူမှန်) ဆိုတာက တည်ကြည်မှု၊ ရိုးသားမှု၊ ညဏ်ရည်ညဏ်သွေး၊ ပေါင်းသင်း ဆက်ဆံနိုင်မှု၊ သင်ယူချင်စိတ် ရှိမှုတို့ပဲ ဖြစ်ပါတယ်။ ဒီအရည် အချင်းတွေမရှိဘဲ နည်းပညာ ပိုင်း ကျွမ်းကျင်မှုရှိနေရုံနဲ့တော့ သင့်တော်တယ်လို့ မယူဆ နိုင်ပါဘူး။

ဒါကြောင့် နေရာမှန် အတွက် လူမှန်ကို ရှာဖွေတယ်ဆိုတာက ခပ်လွယ်လွယ် အလုပ်တစ်ခုလို့တော့ မဆိုနိုင်ပါဘူး။ ဒါပေမဲ့လည်း လုပ်သင့် လုပ်ထိုက်တဲ့အရာတိုင်းဟာ ခက်ခဲတတ်ပြီး အတော်အတန် ကြိုးစားအားထုတ်မှု လိုအပ်တယ်ဆိုတာကို သိပြီးသားပဲဖြစ် ကြမှာပါ။ ဒါကြောင့် နေရာမှန်အတွက် လူမှန်ကို နည်းမှန် လမ်းမှန် ရွေးချယ်နိုင်စေမယ့် အချက်လေးတွေကို မျှဝေချင် ပါတယ်။

## ❶ လျှောက်ထားသူရဲ့ ဗဟုသုတပိုင်း

အရည်အချင်းရှိတဲ့ လျှောက်ထားသူတစ်ယောက်ဟာ အလုပ်အကိုင်တစ်ခုရဖို့ သရဲမရဲ မရှာဖွေပါဘူး။ ကိုယ့်ဆီမှာ အလုပ်လာလျှောက်သူတွေဟာ ကိုယ့်ကုမ္ပဏီရဲ့ ဖောက်သည် တစ်ယောက်ယောက်ဆီမှာ အလုပ်လုပ်တဲ့သူ ဖြစ်ချင် ဖြစ်နေနိုင် တယ်။ ကိုယ့်နဲ့ ပြိုင်ဘက် ကုမ္ပဏီတစ်ခုခုကလူလည်း ဖြစ် နေနိုင်တယ်။ ပြီးတော့ သဘောသဘာဝချင်းတူညီတဲ့ လုပ်ငန်း ဖြစ်ပေမယ့် ကိုယ့်လုပ်ငန်းနဲ့ တစ်ထပ်တည်းကျတဲ့ စီးပွားရေး လုပ်ငန်းမျိုးမဟုတ်တဲ့ အသိုင်းအဝိုင်း က လာတဲ့လူလည်း ဖြစ်နေနိုင်ပါ သေးတယ်။ ဒါ့အပြင် လုပ်ငန်းနဲ့ လုံးဝ အဆက်အစပ်မရှိတဲ့ အသိုင်း အဝိုင်းက ဖြစ်နေပေမယ့် ကိုယ့် အလုပ်အတွက် လိုအပ်တဲ့ ပင်ကိုယ် အရည်အသွေးမျိုးရှိနေသူ တစ်ယောက် လည်း ဖြစ်နေနိုင်ပါသေးတယ်။

ပိုပြီး အရေးကြီးတာက ကိုယ်ကိုယ်တိုင်၊ ဒါမှမဟုတ် ကိုယ့်လုပ်ဖော်ကိုင်ဖက် တစ် ယောက်ယောက်ကများ လာရောက် လျှောက်ထားသူကို သိနေသလား ဆိုတာပါပဲ။ တကယ်လို့များ






သိနေခဲ့တယ်ဆိုရင် လျှောက်ထားသူနဲ့ ပတ်သက်ပြီး နောက်ကြောင်းကို လိုက်ကြည့်ပါ။ အနည်းငယ်တော့ သတိထားရပါမယ်။

တကယ်လို့များ လျှောက်ထားသူက ကိုယ့်ရဲ့ customer အတွက် အလုပ်လုပ်ပေးတဲ့သူများ ဖြစ်နေခဲ့ရင် အဲ့ဒီ customer နဲ့ ဆက်သွယ်ပြီး ကိုယ့်ဆီမှာလိုအပ်နေတဲ့ရာထူးအတွက် လာရောက် လျှောက်ထားသူဟာ သူ့ရဲ့ ဝန်ထမ်းတစ်ယောက် ဖြစ်နေတယ် ဆိုတာမျိုးကို ပြောပြပေးပါ။ ကိုယ့် customer တစ်ယောက်ရဲ့ ဝန်ထမ်းကို ငှားရမ်းအသုံးပြုလိုက်မိလို့ customer တစ်ယောက် ဆုံးရှုံးကောင်း ဆုံးရှုံးသွားနိုင်ပေမယ့် အဲဒီစိန်ခေါ်မှုကို လက်ခံသင့်တယ်လို့ထင်နေရင် လက်ခံလိုက်ပါ။

ကိုယ့်လုပ်ငန်း ရေရှည်အောင်မြင်မှုရနိုင်ဖို့ဆိုတာက ရာထူးတိုင်းမှာ လူမှန်ရှိနေဖို့က အရေးအကြီးဆုံးပဲ ဖြစ်ပါတယ်။ ဒီလို လူမှန်တွေရဖို့ဆိုတာကလည်း အပေးအယူနဲ့ ညှိနှိုင်းရတာမျိုး တွေရှိပါတယ်။ တစ်ခါတစ်ရံမှာ အပေးအယူတွေက လုပ်ငန်းအများစုအတွက် အနည်းငယ် နစ်နာမှုရှိနိုင်ပါတယ်။ ဒါကြောင့် အပေးအယူတွေကို ပယ်ဖျက်ပြီး လူတစ်ယောက်ထပ်ရှာရတာမျိုးနဲ့ တစ်ပတ် ပြန်လည်သွားတာမျိုးလည်း ရှိမှာဖြစ်ပါတယ်။

## ❷ သူငယ်ချင်းကောင်းတွေက လူကောင်းကို ထောက်ပြပေးနိုင်တယ်

ဒါကတော့ အလုပ်လာလျှောက်တဲ့သူရဲ့အကြောင်းကို သိရဖို့ နောက်ထပ် အကောင်းဆုံးနည်းတစ်ခုပဲ ဖြစ်ပါတယ်။ သူငယ်ချင်းတစ်ယောက်၊ လုပ်ငန်းစပ်တူလုပ်ဖက်တစ်ယောက်၊ ဒါမှမဟုတ် လက်ရှိ ကိုယ့်ရဲ့ဝန်ထမ်းတစ်ယောက်ရဲ့ ညွှန်းဆိုမှုကလည်း လူကောင်းတစ်ယောက်ရရှိနိုင်စေပါတယ်။ ဒါပေမဲ့ ကိုယ့်ကို အကြံပြုတဲ့လူက ကိုယ်နဲ့ ဂေါ့ဖ်ရိုက်ဖော် ရိုက်ဖက်တစ်ယောက်ဆိုတာထက်တော့ ပိုရမှာဖြစ်ပါတယ်။ ကိုယ်ယုံကြည်လောက်တဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ဆိုရင်တော့ သူ့ရဲ့အကြံပြုမှုကို ယူနိုင်ပါတယ်။

## ❸ တန်ရာတန်ကြေးပေးပါ

အထက်မှာ ဖော်ပြခဲ့တဲ့ အချက်တွေက ဝန်ထမ်းတစ်ယောက်ရဖို့ အကူအညီမပေးနိုင်သေးဘူးဆိုရင် လူမှန်တစ်ယောက်ရဖို့ ငွေကြေးတော့ စိုက်ထုတ်ရပါလိမ့်မယ်။ အလုပ်အကိုင် ရှာဖွေရေး ကုမ္ပဏီတစ်ခု၊ ဒါမှမဟုတ် နာမည်ရ အလုပ်သမားရှာဖွေရေး အဖွဲ့တစ်ခုနဲ့လည်း ချိတ်ဆက်ရှာဖွေနိုင်ပါတယ်။

အလုပ်အကိုင် ရှာဖွေရေး ကုမ္ပဏီတစ်ခု၊ ဒါမှမဟုတ် နာမည်ရ အလုပ်သမားရှာဖွေရေးအဖွဲ့တစ်ခုနဲ့ ဝန်ထမ်းတစ်ယောက်ကို ဆက်သွယ်ခေါ်ယူမယ်ဆိုရင် သတ်မှတ်ချိန် (၆လ၊ ဒါမှမဟုတ် ၆လနဲ့အထက်) အတွင်း သူလုပ်ရမယ့် တာဝန်တွေအပေါ်မှာ တစ်စုံတစ်ရာ တာဝန်မကျေ၊ လစ်ဟင်းမှုများရှိခဲ့ရင် ပြန်လျော်ပေးဖို့ကိုပါ ထည့်သွင်းချုပ်ဆိုသင့်ပါတယ်။ ဒီလိုလုပ်ပြီး ခေါ်ယူတယ်ဆိုတာမျိုးကလည်း အတော်အသင့်မြင့်တဲ့ ရာထူးတာဝန်တွေအတွက် ဖြစ်လေ့ရှိပြီး အလုပ်သင်အဆင့်တွေအတွက်တော့ ရမှာမဟုတ်ပါဘူး။ ပြီးတော့ အဲဒီလို အလုပ်ရှာပေးတဲ့ကုမ္ပဏီတွေကို ကိုယ် သတ်မှတ်ထားတဲ့ အရည်အချင်းတွေနဲ့ ပြည့်မီတဲ့ အလုပ်လျှောက်သူ ၃ ယောက်လောက် ပို့ပေးဖို့ကိုပါ ထည့်သွင်းပြောသင့်ပါတယ်။

## ❹ ယာယီဝန်ထမ်း ခေါ်သုံးမယ်

လတ်တလော လိုအပ်နေတဲ့ ရာထူးအတွက် ယာယီဝန်ထမ်းငှားသုံးတာက အမြဲတမ်းဝန်ထမ်းကောင်းတစ်ယောက်ကိုရဖို့ အခွင့်ကောင်း တစ်ခုဖြစ်ပါတယ်။ စာရေး၊ ဒါမှ မဟုတ် lower-level နည်းပညာဝန်ထမ်းတစ်ယောက်ကို ဒီလိုနည်းနဲ့ ငှားသုံးပြီး လုပ်ငန်းခွင်အတွက် လတ်တလော လိုအပ်နေတဲ့ အခြေအနေကို ဖြေရှင်းနေတုန်းမှာ အမြဲတမ်း ဝန်ထမ်းကိုလည်း တစ်ဖက်တစ်လမ်းကနေ ရှာနေလို့ ရစေပါတယ်။

## ❺ သင့်တော်ရာမှာ ကြော်ငြာမယ်

လစ်လပ်နေတဲ့နေရာကို လျှောက်ထားမယ့်သူတွေ ဖတ်လောက်မယ့် မဂ္ဂဇင်း၊ စာစောင်တွေမှာ ကြော်ငြာပါ။ သတင်း

စာမှာ ကြော်ငြာထည့်တာကလည်း နည်းလမ်းကောင်းတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ လူမှန်တစ်ယောက်ကိုရဖို့ တော်တော်များများကို interview လုပ်ပြီး စိစစ်ရွေးချယ်ရပါလိမ့်မယ်။ ပြီးတော့ online မှာ ကြော်ငြာတာကလည်း အဆင်ပြေပါတယ်။

ဝန်ထမ်းတစ်ယောက်လိုချင်ရင် ကိုယ့်မှာရှိပြီးသား ဝန်ထမ်းတွေကို ရှာဖွေခိုင်းတာကလည်း နည်းလမ်းတစ်မျိုး ဖြစ်ပါတယ်။ ပြီးတော့ ကိုယ့်မှာရှိပြီးသား ဘယ်ဝန်ထမ်းကများ လက်ရှိလိုအပ်နေတဲ့ ရာထူးအသစ်အတွက် အရည်အချင်း ပြည့်မီသလဲဆိုတာကိုလည်း မမေ့မလျော့ ဆန်းစစ်လေ့လာသင့်ပါတယ်။

အထက်မှာ ဖော်ပြထားတာတွေကတော့ လုပ်ငန်းရှင်တွေအနေနဲ့ အလုပ်ရှာဖွေရာမှာ ထည့်သွင်းစဉ်းစားနိုင်ဖို့ အကြံပြုချက်လေးတွေပဲ ဖြစ်ပါတယ်။

ခုနောက်ပိုင်း လုပ်ငန်းရှင်တွေဟာ လူမှုကွန်ရက်တွေကို အသုံးပြုပြီး ဝန်ထမ်းရှာဖွေတာတွေ များပြားလာနေတာကိုလည်း တွေ့ရပါတယ်။ အလုပ်လျှောက်ထားသူ တော်တော်များများမှာ ရာထူးနေရာတစ်ခုအတွက် interview မသွားခင် အဆင်သင့်ပြင်ဆင်ထားတဲ့ စာရွက်စာတမ်းတွေ ရှိပါတယ်။ ကိုယ်ရေးအကျဉ်းကို ပြန်ပြင်ဆင်တာ၊ ကိုယ် ဝတ်သွားမယ့် ဝတ်စုံကို မီးပူအသေအချာထိုးတာ၊ ကျောင်းပြီးကတည်းက ကိုယ် ဘာတွေလုပ်ခဲ့သလဲဆိုတာကို အစီအစဉ်တကျ ပြန်ပြောနိုင်အောင် လေ့ကျင့်တာ စသဖြင့် အများစုက အဲဒီလိုမျိုးတွေ ပြင်ဆင်ကြပေမယ့် ကိုယ့်ရဲ့ facebook profile ကို စနစ်တကျ ပြန်လည်ပြင်ဆင်တာမျိုးကိုတော့ လုပ်လေ့ မရှိကြပါဘူး။ အမှန်တကယ်တော့ အဲဒါက အခုအချိန်မှာ အဓိကကျတဲ့ အချက်တစ်ခု ဖြစ်နေပါပြီ။

လွန်ခဲ့တဲ့ တစ်နှစ်၊ ဒါမှမဟုတ် တစ်နှစ်ထက် အစောပိုင်းကျတဲ့ အချိန်ကတည်းက လုပ်ငန်းရှင်အများစု (၄၅ ရာခိုင်နှုန်းလောက်) ဟာ လူမှုကွန်ရက်တွေကို အသုံးပြုပြီး လိုအပ်တဲ့ ဝန်ထမ်းတွေကို ရှာဖွေနေကြတယ်လို့ CareerBuilder.com ရဲ့ လေ့လာချက်တစ်ရပ်အရ သိရပါတယ်။ ဒီလို သုတေသနပြုလုပ်ချက် နောက်တစ်ခုအရ အလုပ်ခွင် ကြီးကြပ်သူ ၂၂ ရာခိုင်နှုန်းလောက်ဟာလည်း facebook ၊ MySpace နဲ့ twitter တို့လို လူမှုကွန်ရက်တွေပေါ်မှာ အလားအလာရှိတဲ့ ဝန်ထမ်းတွေကို ဝင်ရောက်ရှာဖွေလေ့ရှိတယ်လို့ သိရပါတယ်။

လုပ်ငန်းရှင်တွေအနေနဲ့ facebook ကို အများဆုံးဝင်ရောက်ကာ သင့်တော်ရာ ဝန်ထမ်းတွေကို ရွေးချယ်တတ်ပြီး twitter နဲ့ MySpace တို့ကတော့ ဒုတိယနဲ့ တတိယအများဆုံး ဖြစ်တယ်လို့ သိရပါတယ်။

နိုင်ငံတကာမှာ ဒီလိုမျိုး online ကနေ အလုပ်ခေါ်ယူမှုတွေ၊ ဝန်ထမ်းရှာဖွေမှုတွေ ပြုလုပ်လာတာနဲ့အညီ ကိုယ့်ပြည်တွင်းမှာလည်း ဒီလိုမျိုးလုပ်ဖို့ အခွင့်အလမ်း ပေါ်ပေါက်လာတာကို တွေ့ရပါတယ်။ တွင်တွင်ကျယ်ကျယ် မဖြစ်လာသေး



ပေမယ့် သူ့အနေအထားနဲ့သူတော့ လုပ်ငန်းရှင်တွေကိုရော၊ အလုပ်လိုချင်တဲ့သူတွေကိုပါ တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုပေးနိုင်တဲ့ ပြည်တွင်း website တော့ ရှိနေပါပြီ။ ဒါကြောင့် အဲဒီလို ဝန်ဆောင်မှုမျိုး ပြုလုပ်ပေးနေတဲ့ www.myanmarjobsearch.com အကြောင်းကို အနည်းငယ် ဖော်ပြပေးချင်ပါတယ်။




## ရည်ရွယ်ချက်နဲ့ စတင်ဖြစ်ခဲ့ပုံ

အလုပ်ရှာဖွေရေး ဝန်ဆောင်မှုတွေမှာ အလုပ်ရှာဖွေတဲ့သူတွေဟာ အရင်ကထက် စာရင်း များလာတာကို တွေ့ရပါတယ်။ Online မှာဖြစ်တဲ့အတွက် ၂၄ နာရီ အချိန်ပြည့် ဝင်ရောက်ကြည့်ရှုနိုင်တာမို့ လုပ်ငန်းရှင်တွေအနေနဲ့ရော အလုပ်ရှာနေသူတွေအတွက်ပါ အဆင်ပြေစေပါတယ်။ အလုပ်အကိုင်ရှာဖွေရေး ဂျာနယ်တွေလို တစ်ပတ်တစ်ခေါက် စောင့်ဖတ်စရာမလိုဘဲ computer ၊ internet access ရှိရုံနဲ့ လွယ်လွယ်ကူကူ လျှောက်ထား ရှာဖွေနိုင်မှာပါ။ ဒါ့ပြင် ကိုယ့်ရဲ့ CV ၊ အလုပ်ခေါ် ကြော်ငြာတွေကို လိုအပ်သလို အမြဲ update ဖြစ်နေအောင် လုပ်လို့ရပါတယ်။ "ကျွန်တော်တို့ ဒီ website ကို beta အဆင့်အနေနဲ့ (၂၀၁၁ ခုနှစ် မေလ ၂၀၊ ၂၁၊ ၂၂ ရက်တွေမှာ တပ်မတော်ခန်းမမှာ ကျင်းပခဲ့တဲ့ 7th ICT Exhibition မှာ မိတ်ဆက်ခဲ့ပါတယ်။ ဒီ website အတွက် လိုအပ်ချက်လေးတွေကို user တွေက facebook ကတစ်ဆင့် ဆွေးနွေး အကြံဉာဏ်ပေးသွားနိုင်ပြီး Myanmarjobserach အဖွဲ့သားတွေကလည်း အဲဒီအကြံပေးချက်တွေကို အလေးထားကြိုးစား ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" လို့ Myanmarjobserach မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။

ပြည်တွင်း၊ ပြည်ပက အလုပ်အကိုင်ရှာဖွေသူတွေဟာ ကိုယ်နဲ့ ကိုယ်ညီမယ်လို့ထင်တဲ့ အလုပ်အကိုင်တွေကို ဒီ website မှာ စိတ်ကြိုက်ရှာဖွေနိုင်မှာဖြစ်ပြီး အလုပ်ရှင်တွေဘက်ကလည်း ကိုယ့်ရဲ့ ကုမ္ပဏီမှာ လစ်လပ်နေတဲ့၊ လိုအပ်နေတဲ့ ဝန်ထမ်းတွေကို လွတ်လွတ်လပ်လပ် ကြော်ငြာခေါ်ယူသွားနိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

## Hosting background အပိုင်း

www.myanmarjobsearch.com ကို ကမ္ဘာ့အဆင့်မီ Cloud hosting တစ်ခုတင်ထားပြီး Media Lane က sponsor ပေးထားတာဖြစ်ကြောင်း သိရပါတယ်။

Security ပိုင်းကိုလည်း အတတ်နိုင်ဆုံး ဂရုစိုက်ထိန်းသိမ်းတဲ့အပြင် ဖြစ်ပေါ်လာနိုင်တဲ့ အလားအလာတွေကိုလည်း ဖြည့်ဆည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်လို့ သိရပါတယ်။

## ရည်ရွယ်တဲ့ ပရိသတ်များ

နိုင်ငံတကာမှာ online ကတစ်ဆင့် အလုပ်အကိုင်ရှာဖွေတာတွေ ခေတ်စားလာတဲ့အတိုင်း ပြည်တွင်းမှာလည်း နေ့စဉ် internet အသုံးပြုနေတဲ့ လူကြီး၊ လူငယ်မရွေး ပြည်တွင်းအလုပ်အကိုင်တွေကို online ကတစ်ဆင့် အလွယ်တကူ ရှာဖွေသွားနိုင်ဖို့ ရည်ရွယ်ထားခဲ့တာလို့ သိရပါတယ်။

## Design ပိုင်း

Design ပိုင်းကိုတော့ မလိုအပ်တာတွေမပါစေဘဲ ရိုးရိုးရှင်းရှင်းနဲ့ ဖော်ပြထားတာ တွေ့ရပါတယ်။ အသုံးပြုသူတွေအနေနဲ့လည်း ထိထိရောက်ရောက် အသုံးပြုနိုင်အောင် စဉ်းစားပြီး ဖန်တီးထားတာပါ။ အလုပ်အကိုင် ကမ်းလှမ်းသူတွေအနေနဲ့လည်း ကိုယ်ရှာချင်တဲ့ ဝန်ထမ်းတွေကို လွယ်လွယ်ကူကူနဲ့ ရှာဖွေနိုင်အောင် search box ကို site ရဲ့ အပေါ်ဆုံးမှာ ထားပေးထားပါတယ်။ Job category တွေကိုလည်း အောက်ဖက်မှာ link အနေနဲ့ပါ ဝင်ရောက်လို့ရအောင် တစ်ခုချင်းစီ ထုတ်ပေးထားပါတယ်။ ရိုးရှင်းထိရောက်ပြီး လွယ်လွယ်ကူကူ အသုံးပြုနိုင်မယ့် design ဖြစ်အောင် ပြုလုပ်ထားတာ တွေ့ရပါ

တယ်။ အမြဲတမ်းလည်း အကြံပေးချက်တွေကို လက်ခံပြီး ပိုမို အသုံးပြုရလွယ်ကူအောင် ဆောင်ရွက်ပေးနေမှာဖြစ်ကြောင်း လည်း သိရပါတယ်။

## Update လုပ်တဲ့အပိုင်း

အလုပ်ရှာလိုသူတွေနဲ့ ကမ်းလှမ်းလိုသူတွေအတွက် ကိုယ့်ရဲ့ username နဲ့ password တွေကို ရိုက်ထည့်ကာ လိုအပ်သလို update ပြုလုပ်သွားနိုင်မှာ ဖြစ်ပါတယ်။ ဥပမာ– အလုပ်ရှာဖွေသူဟာ ထပ်မံရှာဖွေလိုတဲ့ အလုပ်အကိုင် CV ကို update ပြုလုပ်သွားနိုင်ပြီး အလုပ်ကမ်းလှမ်းသူတွေကလည်း ကိုယ့်ရဲ့ ကြော်ငြာထားတဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေကို အလွယ်တကူ အချိန်မရွေး ထပ်တိုး၊ ပြင်ဆင် ကြော်ငြာသွားနိုင်မှာ ဖြစ်ပါတယ်။

## လုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ထားပုံ

Myanmarjobsearch က အလုပ်ရှင်တွေကို online ပေါ်မှာသာ အဓိကချိတ်ဆက်ထားပြီး ကန့်သတ်ထားတာမရှိသေးတာကြောင့် အလုပ်ရှင်တွေကိုယ်တိုင် လွတ်လပ်စွာ အလုပ်အကိုင် ကြော်ငြာခေါ်ယူနိုင်ကြောင်း သိရပါတယ်။

## ကြော်ငြာလက်ခံမှုအပိုင်း

Homepage က banner size (225px × 400px) မှာ ကြော်ငြာမယ်ဆိုရင်တော့ tem@medialane.com.au ကို ဆက်သွယ်နိုင်ပြီး အခမဲ့ဝန်ဆောင်မှုဖြစ်ကြောင်း၊ ဒီဇင်ဘာလမှာ ကြော်ငြာလက်ခံဖို့ website ကတစ်ဆင့် ဖော်ပြသွားမှာဖြစ်ကြောင်း သိရပါတယ်။

ဒါကတော့ ပြည်တွင်းက လုပ်ငန်းရှင်တွေနဲ့ အလုပ်ရှာဖွေနေသူတွေအတွက် အခွင့်အလမ်းတစ်ခုကို ဖန်တီးပေးတဲ့ Myanmarjobsearch အဖွဲ့သားတွေနဲ့ တွေ့ဆုံမေးမြန်းထားမှုတွေပဲ ဖြစ်ပါတယ်။

အခု ဆက်ပြီးတော့ ကိုယ်နဲ့သင့်တော်တဲ့ အလုပ်အကိုင်တစ်နေရာ လိုချင်သူတွေအတွက် profile ကို လူမှုကွန်ရက်တွေပေါ်မှာ တင်တဲ့အခါ လုပ်ငန်းရှင်တွေ အလွယ်တကူ ရှာတွေ့အောင် ဘယ်လိုများ လုပ်ရမလဲဆိုတာကို ဖော်ပြပေးချင်ပါတယ်။

Online ပေါ်မှာ အမြဲရှိနေတတ်တဲ့လူဆိုရင် အလားအလာရှိနိုင်တဲ့ contact တွေ ဘယ်လောက်ရှိပြီလဲဆိုတာကို အမြဲဆန်းစစ်နေပါ။ နောက်ပြီးတော့ လက်ရှိ အလုပ်အတူလုပ်နေတဲ့သူတွေ၊ အရင်အလုပ်မှာတုန်းက အတူတွဲလုပ်ခဲ့ဖူးသူတွေ၊ ကိုယ်နဲ့ဆက်ဆံခဲ့ဖူးတဲ့ အလုပ်က မောက်သည်တွေ၊ ကျောင်း/သင်တန်းတက်တုန်းက အတန်းဖော်တွေ စတဲ့သူတွေနဲ့ အမြဲတမ်းအထိအတွေ့ရှိနေတာ သေချာပါစေ။

ကိုယ့်ရဲ့ သတင်းအချက်အလက်တွေ ( resume ၊ skill နဲ့ experience စတာတွေ) ကို ကုမ္ပဏီတစ်ခုခုက ဝန်ထမ်းရှာဖွေတဲ့အခါ အလွယ်တကူ တွေ့နိုင်အောင် ပြုလုပ်ထားရပါမယ်။ Resume ကိုအမြဲတမ်း ပြုပြင်မွမ်းမံနေရပါမယ်။



## ကိုယ့်အရည်အချင်းတွေကို မြင်သာအောင်လုပ်မယ်

ကိုယ့်ကို လုပ်ငန်းရှင်တွေ အလျင်အမြန် ရှာတွေ့စေချင်ရင် ကိုယ့်ရဲ့ resume နဲ့ profile မှာ ကိုယ့်ပညာ အရည်အချင်း၊ တတ်ကျွမ်းမှုတွေနဲ့ ပတ်သက်ပြီး အသေးစိတ် အချက်အလက်တွေ ထည့်သွင်းထားရမှာ ဖြစ်ပါတယ်။

## Resume မှာ ပါသင့်တဲ့အချက်များ




**Keyword :** ဘာတွေကို ထည့်သင့်သလဲ မသေချာဘူးဆိုရင် အလုပ်ရှာဖွေရေး engine တစ်ခုကို အသုံးပြုပါ။ (ဥပမာ Indeed.com) မမျှော်လင့်ဘဲ ကိုယ်လိုချင်တဲ့၊ ကိုယ်နဲ့သင့်တော်တဲ့ အလုပ်အကိုင် အသုံးအနှုန်းမျိုးကိုတွေ့ရင် ယူသုံးထားလိုက်ပါ။ ဒီလိုနည်းနဲ့ လုပ်ငန်းရှင်တွေ ကိုယ့်ကိုရှာတွေ့အောင် လုပ်နိုင်ပါတယ်။

**Job Titles :** လုပ်ငန်းရှင်တွေက သူတို့ခေါ်ချင်တဲ့ရာထူးနဲ့ ကွက်တိ အံဝင်ခွင်ကျတဲ့ အလုပ်အတွေ့အကြုံမျိုး ရှိဖူးတဲ့သူကို ပိုပြီး စိတ်ဝင်စားတတ်ကြပါတယ်။ ဒါကြောင့် လုပ်ခဲ့ဖူးတဲ့ အလုပ်ရာထူးကို တိတိကျကျ ထည့်သွင်းရေးသားသင့်ပါတယ်။

**Qualifications :** ဒီနေရာမှာ တိကျမှုရှိရပါမယ်။ ကိုယ့်မှာ Microsoft Certification တစ်ခုခု၊ ဒါမှမဟုတ် MBA လက်မှတ် တစ်ခုခုများရှိထားရင် အတိအကျ ထည့်ရေးပါ။

**Affiliations :** ပြီးတော့ ကိုယ်ပါဝင်ထားတဲ့ ပညာရှင် အဖွဲ့အစည်းတွေရှိရင် စာရင်းနဲ့တကွ ထည့်သွင်းထားပါ။ Resume ကို ပုံမှန် update ပြုလုပ်နေရပါမယ်။ တချို့ လုပ်ငန်းရှင်တွေက အချိန်အတိုင်းအတာတစ်ခုအတွင်း update ပြုလုပ်ထားတာတွေကိုပဲ ရွေးပြီး ကြည့်လေ့ရှိတတ်တာမို့ ကိုယ့် resume ကို မကြာခဏ update လုပ်တာက အကျိုးမဲ့ပါဘူး။

## Profile ကို သေချာပြင်ဆင်ထားမယ်

Resume လိုပါပဲ။ Profile ကလည်း အရေးကြီးပါတယ်။ ပညာအရည်အချင်း၊ စိတ်ဝင်စားမှုတွေနဲ့ အသင်းအဖွဲ့တွေမှာ ပါဝင်နေမှုတွေကို ကောင်းစွာ ရေးသားထားသင့်ပါတယ်။ ဒါမှ လုပ်ငန်းရှင်တွေ ကိုယ့်ကိုရှာတွေ့ဖို့အလားအလာနဲ့၊ ကိုယ်နဲ့ ဆက်ဆံနေတဲ့ တခြားသူတွေက ကိုယ်လိုချင်တဲ့ အသက်မွေးဝမ်းကျောင်းနဲ့ အလုပ်အကိုင်ဆိုတာမျိုးတွေကို မိတ်ဆက်ပေးနိုင်မှာဖြစ်ပါတယ်။

ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တာတွေကို မြင်ရအောင် လုပ်မထားသင့်ပါဘူး။ ဥပမာ ဝန်ထမ်းရှာဖွေသူတွေ ဖတ်လို့ အဆင်မပြေတာမျိုးတွေကို facebook၊ MySpace နဲ့ တခြား လူမှုကွန်ရက်တွေပေါ်မှာ private လုပ်ထားသင့်ပါတယ်။ ဒါမှမဟုတ်လည်း ဒါတွေကို မြင်သွားလည်း ကိုယ့်အနေနဲ့ လက်သင့်ခံနိုင်ပါတယ်ဆိုတဲ့ လူမျိုးတွေကိုပဲ ရွေးပြီး ကြည့်ခွင့်ပေးထားပါ။ ကိုယ့်ရဲ့ resume ပေါ်က contact အချက်အလက်တွေကိုလည်း တခြား ပြဿနာတွေ ရှုပ်တာမျိုး မရှိစေချင်ရင် private လုပ်ထားပါ။

အရေးကြီးတာက online ပေါ်က ကိုယ့် profile ဆိုတာမျိုးက ပညာရှင်ဆန်ဖို့လည်း လိုသလို၊ အပိုအလိုမရှိ သပ်ရပ်ရှင်းသန့်နေတာမျိုးလည်း ဖြစ်ဖို့လိုတယ်ဆိုတာပါပဲ။ ပြီးတော့ ကိုယ့်ရဲ့ online ပေါ်က content တွေအားလုံးကို အမြဲတမ်း ထိတွေ့ update လုပ် ပြင်ဆင်မွမ်းမံတာမျိုး လုပ်နေသင့်ပါတယ်။

အလုပ်အကိုင်ရှာဖွေတာနဲ့ အရမ်းကြီး မပတ်သက်ဘူးဆိုပေမယ့်လည်း ကိုယ်နဲ့ ဆက်ဆံတဲ့လူတွေဆီကို စာရေးတဲ့နေရာမှာ သဒ္ဒါအထားအသို မှားယွင်းတာမျိုးကလည်း မဖြစ်သင့်ပါဘူး။ လူအများလက်ခံထားတဲ့ ကိုယ့်ရဲ့ပုံရိပ်ဆိုတာကို နေရာတကာမှာ smart ဖြစ်နေအောင်လုပ်ထားလို့ ကိုယ့်အတွက် ဘာတစ်ခုမှ အကျိုးမယုတ်နိုင်ပါဘူးလို့ ပြောချင်ပါတယ်။ ■